“အသံ”

# တူညီသောကံကြမ္မာတည်ဆောက်ကာ ကမ္ဘာ့စီးပွားရေးတိုးမြှင့်




ကမ္ဘာ့စီးပွားရေးဖိုရမ်ကို (၂၀၁၈) ခုနှစ် ဇန်နဝါရီလ(၂၃)ရက်နေ့မှ (၂၆) ရက်နေ့အထိ ဆွစ်ဇာလန်နိုင်ငံ ဒါးဗို့စတွင်ကျင်းပခဲ့သည်။ ခေါင်းစဉ်မှာ “ကွဲပြားနေသောကမ္ဘာကြီးအတွင်း တူညီသောကံကြမ္မာတည်ဆောက်ခြင်း” ပင်ဖြစ်သည်။

လွန်ခဲ့သောတစ်နှစ်ဒါးဗို့ဖိုရမ်နှင့် ဂျီနီဗာရှိကုလသမဂ္ဂဌာနချုပ်တွင် တရုတ်သမ္မတရှီကျင့်ဖျင်ဟောပြောခဲ့သောခေါင်းစဉ်များဖြစ်သော ခေတ်နှင့်လိုက်၍တာဝန်များအတူထမ်းဆောင်ခြင်း ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုအတူမြှင့်တင်ရေးနှင့် “လူသားများ ကံကြမ္မာတူအသိုက်အဝန်းတည်ဆောက်ရေး” မိန့်ခွန်းသည် ကမ္ဘာအနှံ့တွင် အာရုံစူးစိုက်မှုများနှင့် ထပ်တူခံစားမှုများရရှိထားသည်။ (၂၀၁၈) ခုနှစ်ဒါးဗို့ဖိုရမ်ခေါင်းစဉ်မှာ သမ္မတရှီကျင့်ဖျင်၏အဆိုပါမိန့်ခွန်းများ၏ နောက်ဆက်တွဲဖြစ်သည်ဟုလည်း ဆိုနိုင်ပေသည်။

ယခုနှစ်ပိုင်းတွင် တရုတ်နိုင်ငံမှ ထုတ်ဖော်တင်ပြထားသော“ လူသားများကံကြမ္မာတူအသိုက်အဝန်းတည်ဆောက်ခြင်း” အတွေးအခေါ် “အတူဆွေးနွေးဖလှယ်ခြင်း၊ အတူဆောက်လုပ်ခြင်း၊ အတူမျှဝေခံစားခြင်း” အဆိုပြုချက်သည် လူအများစိတ်ဝင်စားနေကြသည်။ တရုတ်သည်အတွေးအခေါ်အသစ်များ၊ အားမာန်အသစ်များမှကမ္ဘာကြီး၊ ဂလိုဘယ်လိုက်ဇေးရှင်းစီးပွားရေးအတွက်အထောက်အပံ့အသစ်များ ပေးဆောင်နိုင်ခဲ့ပါသည်။

တရုတ်နိုင်ငံသည် ဂလိုဘယ်လိုက်ဇေးရှင်းစီးပွားရေးအတွက် စိတ်ကူးသစ်များထည့်သွင်းပေးခဲ့သည်။ လွန်ခဲ့သောတစ်နှစ်တွင် ဒါးဗို့နှင့်ဂျီနီဗာရှိ ကုလသမဂ္ဂဌာနချုပ်သို့ သမ္မတရှီကျင့်ဖျင်ရောက်ရှိချိန်တွင် တရုတ်နိုင်ငံသည် စီးပွားရေးကာကွယ်ရေးဝါဒကို ဆန့်ကျင်ကြောင်း ရပ်တည်ချက်ခိုင်မာစွာကိုဖော်ပြခဲ့သည်။ ဂလိုဘယ်လိုက်ဇေးရှင်း စီးပွားရေးဖြစ်ထွန်းရေးအတွက် ပိုမိုအကျိုးထူးခြင်းနှင့် တန်းတူညီမျှမှုမြှင့်တင်ရေးများပြုလုပ်ရမည်ဟုဖော်ပြခဲ့သည်။ တစ်နှစ်တာအချိန်အတွင်း လူသားများကံကြမ္မာတူအသိုက်အဝန်းတည်ဆောက်ခြင်းအတွေးအခေါ်သည် နိုင်ငံအသီးသီး၏ သဘောတူညီချက်ကိုရရှိခဲ့ပြီး ကုလသမဂ္ဂနှင့်ဆိုင်သောမှတ်တမ်းများနှင့် ဆုံးဖြတ်ချက်များတွင် ထွက်ပေါ်လာသည်။ အဆိုပါအချက်သည် ခေတ်အလိုက်ဖွံ့ဖြိုးတိုးတက်မှုနှင့် ကိုက်ညီပြီး တန်းတူညီမျှမှုနှင့်ရှေ့ဆက်မျှော်မှန်းမှုများဖြစ်နေသည့်အပြင် တိုင်းရင်းမျိုးနွယ်၊ နိုင်ငံတော်နှင့်အယူဝါဒများကိုကျော်လွန်သည့် အဆင့်မြင့်သဘောတရားများပါဝင်ထားသည်။ ကမ္ဘာလုံးဆိုင်ရာအုပ်ချုပ်ရေးပြုပြင်ပြောင်းလဲခြင်း တိုးတက်ကောင်းမွန်လာစေသောအတွေးအခေါ်အသစ်ဖြစ်သည့်အပြင် ဂလိုဘယ်လိုက်ဇေးရှင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၏ ဦးတည်ချက်အသစ်လည်းဖြစ်ပေသည်။ တဖန်ကမ္ဘာ့စီးပွားရေးမြှင့်တင်ရေး၏ လမ်းစအသစ်လည်းဖြစ်နေပေသည်။

တရုတ်နိုင်ငံသည် ဂလိုဘယ်လိုက်ဇေးရှင်းအတွက် အားမာန်သစ်များထည့်သွင်းနေသည်။ တရုတ်သည်ဂလိုဘယ်လိုက်ဇေးရှင်းအသစ်ကို မြှင့်တင်ရန်တက်ကြွစွာဆောင်ရွက်နေသည်။ တံခါးဖွင့်ဝါဒဖြင့် ဖွံ့ဖြိုးတိုးတက်မှုများဆောင်ရွက်နေသည်။ မိမိနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်သော တီထွင်ထုတ်လုပ်မှုစွမ်းရည်ကို အကောင်အထည်ဖော်ဆောင်သည့်အပြင် လူသားများ ကံကြမ္မာတူအသိုက်အဝန်းဆောက်လုပ်ရေးအတွက်လည်းအထောက်အပံ့ပေးသည်။ (၂၀၁၇)ခုနှစ် မေလတွင် “ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု” အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးထိပ်သီးဖိုရမ်ကို ပေကျင်းမြို့တွင်ကျင်းပခဲ့သည်။ အဆိုပါဖိုရမ်သည် နိုင်ငံအသီးသီးမှ “ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု” ဆွေးနွေးဖလှယ်ခြင်း အတူဆောက်လုပ်ခြင်း၊ အောင်မြင်မှုရလဒ်များ အတူမျှဝေခံစားခြင်းဖြစ်သော အပြည်ပြည်ဆိုင်ရာဖိုရမ်ဖြစ်ပြီး အဆိုပါပွဲကိုအမှီပြုကာ ပူးပေါင်းဆောင်ရွက်ခြင်းများ အချင်းချင်းချိတ်ဆက်ပေးသည့် စင်မြင့်လည်းဖြစ်ပေသည်။

တရုတ်နိုင်ငံသည် ကမ္ဘာ့စီးပွားရေးမြှင့်တင်ရေးအတွက် ပံ့ပိုးမှုများပေးခဲ့သည်။ (၂၀၁၇)ခုနှစ် တရုတ်နိုင်ငံပြည်တွင်းထုတ်ကုန် စုစုပေါင်းယွမ်ငွေ (၈၂၇၀၀)ဘီလီယံရှိပြီး ယခင်နှစ်ထက် (၆. ၉)ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ ကမ္ဘာလုံးဆိုင်ရာစီးပွားရေးတွင် (၃)ပုံ (၁)ပုံနေရာယူထားပြီး ကမ္ဘာ့စီးပွားရေးကုန်သွယ်မှုတွင် ဦးဆောင်မှုအနေအထားမှာရှိနေပါသည်။

ကမ္ဘာ့စီးပွားရေးဟူသည် အားလုံးစုံပါဝင်ရမည်ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာစင်မြင့်တွင် နိုင်ငံအသီးသီး၊ လုပ်ငန်းအသီးသီးနှင့် ပုဂ္ဂိုလ်အသီးသီးအပြန်အလှန်ဆွေးနွေးဖလှယ်ရသည်၊ အချင်းချင်းထောက်ပံ့ကူညီရသည်။ မည်သည့်နိုင်ငံဖြစ်စေ၊ မည်သည့်ပုဂ္ဂိုလ်ဖြစ်စေ၊ ကမ္ဘာ့စိန်ခေါ်မှုမျိုးကို တစ်ဦးတည်းရင်ဆိုင်နိုင်သည်မဟုတ်ပေ။ သို့ဖြစ်၍တံခါးဖွင့်ဝါဒ၊ တန်းတူညီမျှခြင်း၊ အားလုံးအကျိုးထူးခြင်း၊ ညီမျှခြင်း၊ အတူအောင်မြင်ခြင်းဟူသည့် ဂလိုဘယ်လိုက်ဇေးရှင်းစီးပွားရေးပုံစံသစ်၊ လူသားများကံကြမ္မာတူအသိုက်အဝန်း တည်ဆောက်ခြင်းသမိုင်းဝင်လမ်းကြောင်းသစ်ကို တည်ဆောက်ခြင်းဟူသော သမိုင်းရေစီးကြောင်းကိုဟန့်တား၍မရနိုင်ပေ။

ရှီကျန်ရှွင်း (စာရေးသူသည်ထုံကျိတက္ကသိုလ် စီးပွားရေးဘွဲ့လွန်တန်းဌာနမှူး၊ ရှန်ဟိုင်မြို့ တရုတ်နည်းတရုတ်ဟန်ဆိုရှယ်လစ်ဝါဒသီအိုရီစနစ် သုတေသနဌာန အထူးဖိတ်ကြားထားသော သုတေသနပညာရှင်ဖြစ်သည်။)

# ယူနန်ပြည်နယ်သည် အရင်းအမြစ်အားသာချက်များကိုအသုံးပြုပြီး “ကဒ်ပြားသုံးကဒ်” ကို ကောင်းကောင်းအသုံးချ

ယူနန်ပြည်နယ်သည် တိုးတက်ခြင်းနှင့် ဆင်းရဲနွမ်းပါးလျော့ချရေးအတွက် ကြိုးစားအားထုတ်နေပြီး “အစိမ်းရောင်စွမ်းအင်များ”၊“အစိမ်းရောင်စားသောက်ကုန်များ”၊ “ကျန်းမာရေးရည်မှန်းချက်များ”ဟူသော “ကဒ်သုံးကဒ်” ဖြင့် ဆင်းရဲနွမ်းပါးလျော့ချရေး၊ သာမှန်ချမ်းသာသော လူနေမှုအဆင့်အတန်းများတည်ဆောက်ကာ အရည်အသွေးမြင့်သောတဟုန်ထိုးဖွံ့ဖြိုးတိုးတက်မှုများလုပ်ဆောင်မည်ဟုဇန်နဝါရီလ(၂၇)ရက်တွင် ယူနန်ပြည်နယ်ပါတီကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်အုပ်ချုပ်ရေးမှူး ယွမ်ချိန်ဖာကပြောခဲ့သည်။

ယူနန်ပြည်နယ်သည် ကမ္ဘာပထမအဆင့်ရှိသော “အစိမ်းရောင်စွမ်းအင်များ”၊ “အစိမ်းရောင်စားသောက်ကုန်များ”၊ “ကျန်းမာရေးရည်မှန်းချက်များ” ဟူသော “ကဒ်သုံးကဒ်”ဖြင့် ယွမ်ငွေ (၁၀၀)ဘီလီယံကျော်ရှိသော လုပ်ငန်းများလုပ်ဆောင်ထားသည်။ “ကဒ်သုံးကဒ်” အတွေးအခေါ်ကို ထုတ်ဖော်ပြီးနောက် ယူနန်ပြည်နယ်သည် ကမ္ဘာအရပ်ရပ်၏ အာရုံစူးစိုက်မှုများရရှိခဲ့သည်ဟု ပြည်နယ်အုပ်ချုပ်ရေးမှူးသည် အစိုးရလုပ်ငန်းအစီရင်ခံစာတွင် တင်ပြထားသည်။

“အစိမ်းရောင်စွမ်းအင်များ”အပိုင်းတွင် ယခင်နှစ်နိုဝင်ဘာလတွင်ပြည်နယ်အခြေအနေများပေါင်းစည်းကာ ယူနန်ပြည်နယ်အစိုးရထံ အရင်းအမြစ်များဖွံ့ဖြိုးခြင်းပုံစံမှ ဈေးကွက်သစ်ဖွံ့ဖြိုးခြင်းပုံစံသို့ပြောင်းလဲခြင်း၊ “ဆောက်လုပ်ရေးအမြတ်များ” မှ “ပြုပြင်ပြောင်းလဲရေးအမြတ်”များသို့ပြောင်းလဲခြင်း၊ တခုတည်းသောအမျိုးအစားမှ ဘက်စုံအမျိုးအစားသို့ပြောင်းလဲခြင်း၊ စွမ်းအင်သစ်မော်တော်ကားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကိုမြှင့်တင်ခြင်း၊ စွမ်းအင်သစ်မော်တော်ကားနှင့်ဘက်ထရီများ၊ မော်တော်စက်များ၊ အီလက်ထရောနစ်ထိန်းချုပ်ရေးများစသည့် စက်နှင့်ဆက်စပ်ပစ္စည်းလုပ်ငန်းများကို တင်သွင်းခြင်းများပြုလုပ်ကာ လုပ်ငန်းကွင်းဆက်များပြီးမြောက်အောင်ဆောင်ရွက်ရန် တင်ပြခဲ့သည်။

“အစိမ်းရောင်စားသောက်ကုန်” အပိုင်းတွင်ယူနန်ပြည်နယ်ထွက်ကုန်များဖြစ်သော “လက်ဖက်+ပန်းပွင့်+ဝက်” လုပ်ငန်းများကိုပထမဦးစားပေး၊ “အသီးအရွက်+တရုတ်ဆေးဖက်ဝင်အပင်များ+သစ်ကျားသီး+ကျွဲနွားသိုး” လုပ်ငန်းများကို ဒုတိယဦးစားပေး၊ “အသီးအနှံ+ကော်ဖီ+မှို” မွေးမြူရေးလုပ်ငန်းကို တတိယဦးစားပေးအဖြစ် တည်ဆောက်သွားမည်။ စိုက်ပျိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ကာ လုပ်ငန်းများမွေးထုတ်ရေး၊ နည်းပညာသစ်များ၊ လုပ်ငန်းအမှတ်တံဆိပ်သစ်များထူထောင်ရေး၊ လုပ်ငန်းဈေးကွက်များဖွင့်လှစ်ရေး၊ စီးပွားရေးလုပ်ငန်း ရင်းနှီးမြှုပ်နှံမှုစီမံကိန်း (၅)ခုစသည်တို့ကို အကောင်အထည်ဖော်ဆောင်မည်ဖြစ်သည်။ စိုက်ပျိုးရေးထုတ်ကုန်များ၏ အရည်အသွေးများကိုလိုက်လံစစ်ဆေးနိုင်သော သတင်းဌာနများအသုံးပြုနိုင်မည့်စင်မြင့်ကို တိုးမြှင့်အသုံးချမည်ဖြစ်သည်။ ခရိုင်များမှစီးပွားရေးလုပ်ငန်းအဖွဲ့အစည်းသစ်များအားလုံးကို ပြည်နယ်သတင်းအချက်အလက်များစစ်ဆေးရေးအတွင်းသို့ ထည့်သွင်းခြင်းများပြုလုပ်မည်ဖြစ်သည်။

“ကျန်းမာရေးရည်မှန်းချက်များ” အပိုင်းတွင် ယူနန်ပြည်နယ်သည် ခေတ်ပေါ်တရုတ်ဆေးဖက်ဝင်အပင်များ၊ ကာကွယ်ဆေးများ၊ ပင်မဆဲလ်များကို ဆေးပညာသုတေသန၊ ဆေးခန်း၊ ခေါင်ယန်အပန်းဖြေလုပ်ငန်းကွင်းဆက်ဖြစ်သော “ကျန်းမာရေးလုပ်ငန်း” မြှင့်တင်ရေးလုပ်ငန်းများအတွက် အသုံးချသွားမည်ဖြစ်သည်။ နှစ်အနည်းငယ်ကြိုးစားအားထုတ်ပြီးနောက် အပြည်ပြည်ဆိုင်ရာခေတ်မီဆေးပညာစင်တာ၊ ဆေးခန်းစင်တာ၊ ပြန်လည်ထူထောင်ရေးစင်တာနှင့် ဆေးစစ်ခရီးစဉ်များ၊ ဆေးလုပ်ငန်းများစုဝေးရာနေရာဖြစ်လာစေခဲ့သည်။ “ယူနန်ပြည်နယ်တွင် ရှုခင်းသာတစ်နေရာသာရှိသည်။ ထိုရှုခင်းသာ၏အမည်မှာ ယူနန်ဖြစ်သည်။”ဟူသော ရည်မှန်းချက်ဖြင့် “all-for-oneခရီးသွားလာရေးလုပ်ငန်း” တည်ဆောက်မည်ဖြစ်သည်။ “လက်ကိုင်ဖုန်းတစ်ခုဖြင့် ယူနန်လည်ပတ်ခြင်း” အကောင်အထည်ဖော်ရန် “စမတ်ခရီးသွား”တည်ဆောက်မည်စသည်ဖြင့် ခရီးသွားလုပ်ငန်းကို ဘက်စုံအဆင့်မြှင့်တင်ပေးခဲ့သည်။